ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၉ ၊ အမှတ် ၁၁ | ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်

## အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့အခမ်းအနားကျင်းပ



ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ၊ အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။

အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့အခမ်းအနားကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၆ ရက် နံနက် ၁၀ နာရီ တွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၊ ဇေယျာသီဟခန်းမ ၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ ဌာန/ အဖွဲ့အစည်းများမှ ဌာနအကြီးအကဲများ၊ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အရာထမ်း/ အမှုထမ်းများ၊ ဆုရရှိသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းသား/သမီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ် နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး အကောက်ခွန်ဦးစီးဌာန ၊ ညွှန်ကြားရေးမှူးချုပ် က အကောက်ခွန်ဦးစီး




ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့အခမ်းအနားတွင် ဆုရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးစဉ်။

ဌာန၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင် ၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်း တို့က ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ၌ ဂုဏ်ထူးရရှိသော ဝန်ထမ်းများ၏ သား/သမီးများ၊ သင်တန်းများ၌ ထူးချွန်ဆုရရှိသူများ ၊ ဌာနခွဲအလိုက် ဝန်ထမ်းစွမ်းဆောင်ရည် အကောင်းဆုံး ရွေးချယ်ခံရသူများ ၊ လုပ်ငန်းစွမ်းဆောင်ရည် ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်ခဲ့သူများ ၊ ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံး (အမျိုးသား) ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဘောလုံးအသင်းတို့အား ဂုဏ်ပြုမှတ်တမ်းဆုများ နှင့် ချီးကျူးဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ဆုရရှိသူများနှင့်အတူ အမှတ်တရ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးပြီး အကောက်ခွန်ဦးစီးဌာန၏ တစ်နှစ်တာလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်သမိုင်းပြတိုက်အတွင်း လှည့်လည်ကြည့်ရှုပြီး E-Lock Control Room မှ တဆင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

နံနက်ပိုင်းတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုထက် ဦးဆောင်၍ အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့အထိမ်းအမှတ်အဖြစ် ဗဟန်းမြို့နယ်၊ မင်းကွန်းတောရကျောင်းတိုက်၌ အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

# ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေးလုပ်ငန်းကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မောင်ဝင်း ၊ ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေးလုပ်ငန်းကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်။

အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community– AEC) ၂၀၂၅ အကောင်အထည်ဖော်ဆောင်ရေးကော်မတီအောက်ရှိ ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေး(Good Regulatory Practice – GRP) လုပ်ငန်းကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ နံနက် ၉ နာရီခွဲ တွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း၌ GRP လုပ်ငန်းကော်မတီဥက္ကဋ္ဌ ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဦးဆောင်ကျင်းပရာ GRP လုပ်ငန်းကော်မတီအဖွဲ့ဝင်ဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီအဖွဲ့ဝင်ဌာနများက လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းဆွေးနွေးတင်ပြကြပြီး လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ က ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေး၏ အဓိပ္ပာယ်နှင့်အကျိုးကျေးဇူး ၊ ပထမအကြိမ် နှင့် ဒုတိယအကြိမ် လုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပပြီးစီးခဲ့မှုများနှင့် ဆောင်ရွက်ပြီးစီးမှုများ၊ လုပ်ငန်းကော်မတီ အဖွဲ့ဝင်ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ဦးစားပေးနယ်ပယ်အလိုက် ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးရာ ဒုတိယဝန်ကြီး က လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

# မြန်မာနိုင်ငံနှင့် တစ်ဖက်နိုင်ငံများ၏ နယ်စပ်ဝင်/ ထွက်ပေါက်များအလိုက် စစ်ဆေးရေးစခန်းများတည်ရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ



အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ ၊ မြန်မာနိုင်ငံနှင့် တစ်ဖက်နိုင်ငံများ၏ နယ်စပ်ဝင်/ထွက်ပေါက်များအလိုက် စစ်ဆေးရေးစခန်းများတည်ရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

ကုန်သွယ်ရေးဇုန်/စခန်းများ တည်ဆောက်ရာတွင် နိုင်ငံတကာလုပ်ငန်းစဉ်နှင့်အညီ တစ်ဖက်နိုင်ငံများကဲ့သို့ နယ်စပ်မျဉ်းအနီး တည်ဆောက်နိုင်ရန် လေ့လာသုံးသပ်အစီရင်ခံရေးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံနှင့် တစ်ဖက်နိုင်ငံများ၏ နယ်စပ်ဝင်/ထွက်ပေါက်များအလိုက် စစ်ဆေးရေးစခန်းများတည်ရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၃ ရက် နံနက် ၉ နာရီ တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကုန်သွယ်ရေးဇုန်/စခန်းများ တည်ဆောက်ရာတွင် နိုင်ငံတကာလုပ်ငန်းစဉ်နှင့်အညီ တစ်ဖက်နိုင်ငံများကဲ့သို့ နယ်စပ်မျဉ်းအနီး တည်ဆောက်နိုင်ရန် လေ့လာသုံးသပ်အစီရင်ခံရေး ကော်မတီဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း အား လေ့လာသုံးသပ်အစီရင်ခံရေးကော်မတီအတွင်းရေးမှူး၊ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ က မြန်မာနိုင်ငံနှင့် တစ်ဖက်နိုင်ငံများ၏ နယ်စပ်ဝင်/ထွက်ပေါက်များအလိုက် စစ်ဆေးရေးစခန်းများ တည်ရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ပြင်ဆင်ရမည့် အချက်များနှင့် လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

# ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) ကျင်းပ



ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) ကျင်းပနေစဉ်။

ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) ကို ၂၀၂၄ ခုနှစ် ၊ ဇန်နဝါရီလ ၈ ရက် ၊ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၊ ဇေယျာသီဟခန်းမ ၌ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ ဦးဆောင် ကျင်းပခဲ့သည်။

အစည်းအဝေးသို့ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက In-Person တက်ရောက်ခဲ့ကြပြီး ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ အဖွဲ့ဝင်ဌာနကိုယ်စားလှယ်များက Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက် Trade Facilitation Agreement ပါ ပြဋ္ဌာန်းချက်များအား သတ်မှတ်ကာလအတွင်း အချိန်မီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကုန်သွယ်မှုဆက်စပ်ဌာနများအနေဖြင့် လက်ရှိလုပ်ငန်းဆောင်ရွက်ထားရှိမှုများ ၊ ဌာနများအလိုက် ဖြေလျော့ဆောင်ရွက်ပေးနေသည့် ကိစ္စရပ်များ နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်း ဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြသည်။

# မန္တလေး (မြစ်ငယ်) ကုန်းတွင်းဆိပ် (Dry Port) မှ ပို့ကုန်များအား ရန်ကုန်ဆိပ်ကမ်းမှ တစ်ဆင့် ပြည်ပသို့ တိုက်ရိုက်တင်ပို့ခြင်းဆိုင်ရာ စံပြုလုပ်ငန်းစဉ် (မူကြမ်း) နှင့် စပ်လျဉ်း၍ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ




မန္တလေး (မြစ်ငယ်) ကုန်းတွင်းဆိပ် (Dry Port) မှ ပို့ကုန်များအား ရန်ကုန်ဆိပ်ကမ်းမှ တစ်ဆင့် ပြည်ပသို့ တိုက်ရိုက်တင်ပို့ခြင်းဆိုင်ရာ စံပြုလုပ်ငန်းစဉ် (မူကြမ်း) နှင့် စပ်လျဉ်းသည့် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

မန္တလေး (မြစ်ငယ်) ကုန်းတွင်းဆိပ် (Dry Port) မှ ပို့ကုန်များအား ရန်ကုန်ဆိပ်ကမ်းမှ တစ်ဆင့် ပြည်ပသို့ တိုက်ရိုက်တင်ပို့ခြင်းဆိုင်ရာ စံပြုလုပ်ငန်းစဉ် (မူကြမ်း) နှင့် စပ်လျဉ်းသည့် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၊ ဇေယျာသီဟခန်းမ၌ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ ဦးဆောင်ကျင်းပသည်။

အစည်းအဝေးသို့ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

# ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) ကျင်းပ




ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) ကျင်းပစဉ်။

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ဇေယျာသီဟအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်း၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့တာဝန်ရှိသူများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြကာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။

# အကောက်ခွန်နှင့်အခွန်အာဏာပိုင်များအကြား ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး



အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်း ဦးဆောင်သောအဖွဲ့နှင့် ပြည်တွင်းအခွန်များဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ဥပဒေနှင့်မူဝါဒရေးရာ) ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။

အကောက်ခွန်နှင့်အခွန်အာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များတွင် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပသည့် အကောက်ခွန်ဦးစီးဌာန မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်း ဦးဆောင်သော ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့ (PCA) နှင့် ပြည်တွင်းအခွန်များဦးစီးဌာန မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဥပဒေနှင့်မူဝါဒရေးရာ) ဦးဆောင်သော ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ လ ၅ ရက် နံနက် ၁၀ နာရီ တွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ဇေယျာသီဟအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အကောက်ခွန်ဦးစီးဌာနနှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့အကြား လက်ရှိပူးပေါင်းဆောင်ရွက်နေသည့် ကိစ္စရပ်များအပြင် အာဆီယံ၏လမ်းညွှန်ချက်အရ အကောက်ခွန်နှင့် ပြည်တွင်းအခွန်တို့အကြား ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများ ၊ ပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်နိုင်မည့် နယ်ပယ်နှင့်သတင်းအချက်အလက်ဖလှယ်ခြင်းလုပ်ငန်းစဉ်များ၊ အခြားပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များနှင့် အာဆီယံလမ်းညွှန်ချက်အရ ဆက်လက်ပူးပေါင်းလုပ်ဆောင်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။



အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်း ဦးဆောင်သောအဖွဲ့နှင့် ပြည်တွင်းအခွန်များဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ဥပဒေနှင့်မူဝါဒရေးရာ) ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။

ထို့ပြင် အာဆီယံ၏လမ်းညွှန်ချက်အရ အကောက်ခွန်နှင့် ပြည်တွင်းအခွန်တို့အကြား ပူးပေါင်းဆောင်ရွက်မှု လုပ်ဆောင်နိုင်မည့် နယ်ပယ်တွင် အချက်အလက်များဖလှယ်မှု ၊ တန်ဖိုးသတ်မှတ်မှု (အကောက်ခွန်ကောက်ခံရန်အတွက် စည်းကြပ်တန်ဖိုး – Customs Value နှင့် အခွန်ကိစ္စရပ်များအတွက် လွှဲပြောင်းမှုတန်ဖိုး – Transfer Pricing) ၊ နှောင်းစာရင်းစစ်ဆေးခြင်း ၊ ပိုမိုပြည့်စုံသော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု (Risk Management) ဖြစ်စေရန် အဆင့်မြှင့်တင်ခြင်း ၊ အကောက်ခွန်နှင့် အခွန်ဆိုင်ရာ ချိုးဖောက်မှုများအတွက် ထိရောက်စွာအရေးယူနိုင်မည့် ဥပဒေများ သတ်မှတ်ထားရှိခြင်း ၊ တန်ဖိုးသတ်မှတ်ချက်များအရ အကောက်ခွန်နှင့် ပြည်တွင်းအခွန်တို့အကြား ဆက်စပ်မှုများ စသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ အကောက်ခွန်ဦးစီးဌာန နှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့အကြား ဆက်လက်ဆွေးနွေး အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။

# ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရငွေ ကျပ်သန်းပေါင်း ၉၂ ဒသမ ၃ သန်း ရရှိ




ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲအဆင့်ရောက် အရက် ၊ ဝိုင် ၊ Electric Goods ၊ စားဆီ နှင့် Sir Edwards များအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချနေစဉ်။

အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲအဆင့်ရောက် အရက် ၊ ဝိုင် ၊ Electric Goods ၊ စားဆီ နှင့် Sir Edwards များအား Lot (၅) ခု ခွဲ၍ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချအခမ်းအနားကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၉ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အကောက်ခွန်ကုန်လှောင်ရုံ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် စုစုပေါင်း လေလံတင်ရောင်းချရငွေ ကျပ်သန်းပေါင်း ၉၂ ဒသမ ၃ သန်း ရရှိခဲ့သည်။

# အကောက်ခွန်ဥပဒေမွမ်းမံသင်တန်း ဖွင့်လှစ်



အကောက်ခွန်ဥပဒေမွမ်းမံသင်တန်း ဖွင့်လှစ်သင်ကြားပို့ချနေစဉ်။

အကောက်ခွန်ဦးစီးဌာနရှိ ဝန်ထမ်းများ အကောက်ခွန်ဥပဒေများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေး ၊ ဝန်ထမ်းများ၏ အရည်အချင်းပိုမိုမြင့်တက်လာစေရေး ၊ အမှုတွဲများ ခိုင်မာစွာတည်ဆောက်၍ သိမ်းဆည်းမိန့်များအား ပြည့်စုံစွာထုတ်ပြန်နိုင်ရေး နှင့် အခွန်အယူခံခုံအဖွဲ့၌ အကောက်ခွန်အယူခံမှုများအား ဌာနဆိုင်ရာ ကိုယ်စားလှယ်အဖြစ် လိုက်ပါဆောင်ရွက်ရာတွင် ဥပဒေ ၊ နည်းဥပဒေ ၊ အမိန့် ၊ ညွှန်ကြားချက်များ ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အမှုလိုက်ပါဆောင်ရွက်ပြီး အကောက်ခွန်ဦးစီးဌာန၏ ဂုဏ်ကိုမြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာန ဥပဒေရေးရာဌာနမှ ဖွင့်လှစ်သည့် အကောက်ခွန်ဥပဒေမွမ်းမံသင်တန်းကို ရန်ကုန်မြို့ရှိ အကောက်ခွန်သင်တန်းကျောင်းခန်းမ၌ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်မှ ၂၅ ရက်ထိ ဖွင့်လှစ်သင်ကြားပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ရှိ ဌာနခွဲ (၁၂) ခုမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

## အကောက်ခွန်သင်တန်းကျောင်း ၌ HS နှင့် FTA ဘာသာရပ်သင်တန်းများ သင်ကြားပို့ချ



နိုင်ငံတကာရေးရာဌာနခွဲ ၊ ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဌာနစု မှ HS နှင့် FTA ဘာသာရပ်သင်တန်းတွင် သင်ကြားပို့ချနေစဉ်။

နိုင်ငံတကာရေးရာဌာနခွဲ ၊ ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဌာနစု မှ Harmonized System – HS ဘာသာရပ်သင်တန်းကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၅ ရက် မှ ၁၇ ရက် အထိ နှင့် Free Trade Area – FTA ဘာသာရပ်သင်တန်းကို ၁၈ ရက် တွင် ရန်ကုန်မြို့ရှိ အကောက်ခွန်သင်တန်းကျောင်း ၌ သင်ကြားပို့ချခဲ့သည်။

Harmonized System – HS ဘာသာရပ်သင်တန်းတွင် HS သမိုင်းကြောင်း ၊ ဖွဲ့စည်းတည်ဆောက်ပုံ ၊ ယေဘုယျ အဓိပ္ပာယ်ဖွင့်ဆိုချက်များ (GIRs) ၊ HS Chapters (1 to 97) ရှိ အပိုင်း ၊ အခန်း ၊ ခေါင်းစဉ် ၊ ခေါင်းစဉ်ခွဲများအကြောင်း နှင့် Case Studies များကို လည်းကောင်း ၊ FTA ဘာသာရပ်သင်တန်းတွင် ASEAN +1 FTA ဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းသင်ကြား ပို့ချခဲ့ကြသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၆၁၂၉.၃၈၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်း၊ အထူးကင်း၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသများ ၌ တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ (၁) ရက် မှ (၃၁) ရက် အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှု (၂၇၄) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် ( ၆၁၂၉.၃၈၆ ) သန်းဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု



၁၂-၁-၂၀၂၄ ရက်နေ့ ၁၆:၀၀ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့သည် အမှတ် (၃၄၄)၊ ကာယ (၁၂) လမ်း၊ သဃ်န်းကျွန်းကြီးရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ကြည်သာအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဂိုဒေါင်သို့ ဝင်ရောက်စစ်ဆေးခဲ့ရာ သွင်းကုန်လိုင်စင် ခွင့်ပြုချက်ထက် ပိုမိုတင်သွင်းခဲ့သော (Galvanized Iron Sheet in Coil) (26 Roll) (C/O– China) (114 MT) ခန့်မှန်းတန်ဖိုးကျပ် (၁၆၇,၅၈၀,၀၀၀/–) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါ သည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၆၁၂၉.၃၈၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




၁၈-၁-၂၀၂၄ ရက်နေ့တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း (AWPT) မှ ID No. 100268854931 (27.12.2023) ၊ ကုန်သေတ္တာအမှတ် MAGU2320939, OCBU2037300, TCLU7243295 (3X20') ဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများအား (Suspect) အရ ထုတ်/သွင်း ၊ ကာကွယ်ရေး ၊ စစရ အဖွဲ့စုံဖြင့် မျက်မြင်ဖွင့်ဖောက်စစ်ဆေးရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော (Lubricant) (Brand Name- Skylube) (Engine Oil) (SAE 40) (API-SN) (C/O- Vietnam) (33320 KG) ခန့်မှန်းတန်ဖိုးကျပ် (၉၀,၉၆၃,၆၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၆၁၂၉.၃၈၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု






၄-၁-၂၀၂၄ ရက်နေ့ ၂၀:၅၀ အချိန်ခန့်တွင် ဝေါမြို့မရဲစခန်းမှ ညောင်ခါးရှည် (X-Ray) စက် တာဝန်ကျဝန်ထမ်းများသည် မြဝတီမြို့ မှ ရန်ကုန်မြို့ သို့ မောင်းနှင်လာသော ယာဉ်အမှတ်- (1P-6156) (Mitsubishi Fuso) (6W) ယာဉ်အား ညောင်ခါးရှည် (X-Ray) စက်မှ ခေါ်ယူ၍ ပဲခူးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ လာရောက်အပ်နှံခဲ့သဖြင့် ပူးပေါင်းအဖွဲ့ဖြင့်စစ်ဆေးခဲ့ရာ စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာ တင်ပြနိုင်ခြင်းမရှိသော (100% Polyester Woven Fabric) (C/O- China) (1125 M) (80 Pkgs) အပါအဝင် ကုန်ပစ္စည်း (၃) မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၁,၉၅၀,၀၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်- (1P-6156) (Brand - Mitsubishi Fuso) (6W) (Model - 2007) (C/O - Japan) (1 U) ခန့်မှန်းတန်ဖိုးကျပ် (၂၀,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၆၁၂၉.၃၈၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု






၇-၁-၂၀၂၄ ရက်နေ့ ၁၉:၃၀ အချိန်ခန့်တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့သည် မန္တလေးမြို့အဝင် ၊ ရွှေကျင်ဂိတ်အနီး၌ လွယ်ဂျယ်မြို့ မှ မန္တလေးမြို့ သို့ မောင်းနှင်လာသောယာဉ်အမှတ်၊ (8I/7796) (KHITTARA) (12 W) ယာဉ်အား စစ်ဆေးရာ တရားဝင်အထောက်အထားစာရွက်စာတမ်းများ တင်ပြနိုင်ခြင်းမရှိသည့် ကုန်ပစ္စည်းများအား စစ်ဆေးတွေ့ရှိရသဖြင့် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်ခဲ့ပြီး အသေးစိတ်ဖွင့်ဖောက်စစ်ဆေးရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက်ပိုမိုပါရှိလာသော (Stainless Steel Pipe) (C/O– China) (6500 Kg) ခန့်မှန်းတန်ဖိုးကျပ် (၂၇,၃၀၀,၀၀၀/–) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်– (8I/7796) (KHITTARA) (12 W) (Model–2010) (C/O–ဂျပန်ထုတ်) (1 U) ခန့်မှန်းတန်ဖိုးကျပ် (၃၀,၀၀၀,၀၀၀/–) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၆၁၂၉.၃၈၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ထူးခြားဖမ်းဆီးမှု



၇-၁-၂၀၂၄ ရက်နေ့တွင် လေဆိပ် (သွင်းကုန်) ဌ AWB NO. 61867925734 ၊ ID No. 100269817100 (9.1.2024) ဖြင့် စင်္ကာပူနိုင်ငံမှ ရန်ကုန်လေဆိပ် (ကုန်လှောင်ရုံ) သို့ တင်သွင်းလာသော ကုန်ပစ္စည်းများအား ကာကွယ်ရေးဌာနခွဲ မှ ဖွင့်ဖောက်စစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော (Atomic Absorption Spectro Meter) (PinAAcle 900T with Accessories) (23 Pcs) (4 Pkg) အပါအဝင် ကုန်ပစ္စည်း (၂) မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၆၇,၆၄၇,၈၄၀/-) ခန့်အား အမှုတွဲ ဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၆၁၂၉.၃၈၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ထူးခြားဖမ်းဆီးမှု




၂၃-၁-၂၀၂၄ ရက်နေ့ ၁၇:၃၀ အချိန်ခန့်တွင် (MNA Airline) လေယာဉ်ခရီးစဉ်အမှတ် ၊ (UB–1584) ဖြင့် ကလေးမြို့ မှ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် သို့ ဝင်ရောက်လာသော ကုန်ပစ္စည်းများအား တာဝန်ကျ အကောက်ခွန်အရာရှိ မှ စစ်ဆေးခဲ့ရာ တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံ တစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် (Cefoperazone & Sulbaetam) (Injection) (Par Zone–SB) (1 g) (25 x 20pcs) (C/O–India) (10000 Pcs) (20 Pkg) အပါအဝင် ဆေးပစ္စည်း (၉) မျိုး ၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၁၆၇,၇၉၂,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။